အင်္ဂလိပ် - မြန်မာ နှစ်ဘာသာ အဆင့်မြင့်ရုပ်ပြ

ဂျူး

# မြန်မာ့ရိုးရာစကားပုံ

သရုပ်ဖော်ပုံပြင်များ

ကာတွန်း
ဇော်ပိုင်

# သူခိုး ဓါးရိုးကမ်း



ကာတွန်း ဇော်ဝိုင်း ၏

cartoon : zaw wine

Tr : H.K

# သူခိုးဓားရိုးကမ်း

## Give hilt to the thief



ရှေးလွန်လေပြီးသောအခါက.. ဗာရဏသီပြည်မှ.."မောင်ချစ်မွှေး"
အမည်ရှိသော..လုလင်တစ်ယောက်သည်..


In the time immemorial, there was a young man named. "Maung Chit Hmwe" in the country of Varanasi.



တက္ကသိုလ်ပြည်မှ..ဒိသာပါမောက္ခ..ဆရာကြီးထံတွင်..ပညာများသင်ယူ၏..


He learnt the arts from the professor in Taxila.





တပည့်အားလုံးတို့တွင်..မောင်ချစ်မွှေး..သည်..ပညာ
အတော်ဆုံးဖြစ်သည်..

Among the students Maung Chit Hmwe was the outstanding student.




အထူးသဖြင့်..လေးအတတ်၌..
ပို၍..ကျွမ်းကျင်၏..

Especially, he was skilled at archery.


လောကတွင်..မောင်ချစ်မွှေး"ထက်.. လေးအတတ်.. သာလွန်သူ.. မရှိ..

In the world no one was superior in archery to Maung Chit Hmwe.




ထို့ကြောင့်.. ဆရာကြီးကလည်း..မောင်ချစ်မွှေး ကို..အလွန် ချစ်သည်..


So the professor loved him very much.






ဒီလို တပည့်မျိုး.. ရခဲလှပါပေတယ်..

It is hard to find such a student.



ခုဆိုရင်..ငါ့ သမီးလေးလည်း.. အရွယ်ရောက်လာခဲ့ပြီ..


Now my daughter is come of age.





မောင်ချစ်မွှေးနဲ့များ..ပေးစားလိုက်ရရင်..သမီးလေးရဲ့
အနာဂတ်ဘဝလည်း.. လှပလာမှာပဲ..

If I let my daughter to marry to Maung Chit Hmwe, her future will be a bright one.




ဤသို့ဖြင့်.. ပညာသင်ကာလ.. ပြီးဆုံးသောတစ်နေ့တွင်...

In this way, the academic year was come to an end.



ဆရာကြီးက..မောင်ချစ်မွှေး နှင့် သမီးတော် "ခင်မူယာ"ကို..လက်ထပ်ပေးလိုက်သည်..

The professor held a wedding ceremony for Maung Chit Hmwe and his daughter Khin Muyar.



တစ်သက်လုံး.. ဦးဖြေကျတဲ့အထိ.. ပေါင်းသင်းနိုင်ကြပါစေကွယ်..

May both of you be able to live together throughout your lives.






မောင်ချစ်မွှေးတို့များ..ကံကောင်းသပေါ့.. အထူးချွန်ဆုံး
ဘွဲ့လည်းရ..အလှကညာလေးလည်းရ.. အဟီး..

Maung Chit Hmwe is very lucky. He gets distiniction and get a beautiful wife.



ပညာသင်ကာလပြီးဆုံးပြီဖြစ်၍ .. မောင်ချစ်မွှေးလည်း.. မယားအလှလေးကို- ခေါ်ကာ.. ဗာရာဏသီသို့.. ပြန်လာခဲ့သည်..


After he had learnt the arts Maung Chit Hmwe returned to Varanasi with his beautiful wife.





လမ်းခရီးအကြားတွင်.. တောနက်ကြီးတစ်ခုကိုလည်း ဖြတ်ရလေး၏..

On the way, they had to pass the deep forest.




မိတ်ဆွေတို့..စေတနာနဲ့ သတိပေးပါရစေ..ဟောဒီတောကို.. မဖြတ်ပါနဲ့..

I warn with a sincerity that you should not pass this forest.



ဟောဒီတောကြီးထဲမှာ..တောရိုင်းတိရစ္ဆာန်တွေအများကြီးရှိတယ်..အဲဒီထက်
ပိုဆိုးတာက.. ခိုးသား ငါးရာပေါ့..

In this forest there are plenty of beasts. More than that there are five hundred thieves.



သူတို့က..တောထဲလာသမျှလူကို..အကုန်သတ်တယ်..ပါလာသမျှ..ပစ္စည်းကိုယူတယ်..
တကယ်ကို..ရက်စက်တဲ့.. ဓားပြအဖွဲ့ကြီးပါဘဲ..

They kill all the people who entered in this forest and they take all the victims' belangings. Really a cruel gang of robbers.



ကျုပ်တောင်.. ထင်းခွေတဲ့အခါ..တောနက်ထဲကို..မသွားရဲဘူး -
တောစပ်မှာဘဲ..ထင်းခွေပြီး .. ပြန်လာရတာ..

Even I dare not go into the deep forest when I collect the firewood. I collect only at the edge of the forest.



